# HARDWARE NEWS




## Socket 2011 CPU သုံး MSI motherboard အသစ်

Socket 2011 Intel CPU သုံး MSI motherboard ဈေးကွက်ထဲကို ဝင်ရောက်လာတာ တွေ့ရပါတယ်။ ဒီ motherboard မှာ Intel ရဲ့ X79 chipset အသစ်ကို အခြေခံထားပြီး Intel ရဲ့ 2nd generation Core i7 CPU အသုံးပြုနိုင်တဲ့ motherboard ဖြစ်ပါတယ်။ Core i7 က LGA 2011 socket နဲ့ဖြစ်ပြီး တခြား LGA 1155 တွေထက် အားသာတာက core နဲ့ thread တွေ ပိုများများသုံးခွင့် ရလာမှာဖြစ်သလို L3 cache တွေလည်း များလာမှာဖြစ်ပါတယ်။ MSI X79AGD65 (8D) series motherboard ရဲ့ ထူးခြားချက်ကတော့ memory ကို 4 channel ထောက်ပံ့ပေးမယ့် DIMM slot ၈ ခု ပါဝင်ပြီး DDR3 1066/1333/1600/1866 (OC)/2400(OC) တပ်ဆင်နိုင်တဲ့အပြင် 128GB အထိ တပ်ဆင်အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ Military Standard (MIL-STD-810G standard) နဲ့ ထုတ်လုပ်ထားကာ component တွေ အသုံးပြုထားတဲ့ military class (3) power ပေးစနစ်၊ PCIe generation 3 ၊ USB 3.0 ၊ BIOS နဲ့ Windows ပေါ်မှာ graphic ပုံစံနဲ့အသုံးပြုနိုင်တဲ့ click BIOS II စနစ်စတဲ့နည်းပညာအသစ်တွေ ထည့်သွင်းပေးထားကြောင်းသိရှိရပါတယ်။ အခု အသစ်ဝင်ရောက်လာတဲ့ motherboard နဲ့ တွဲဖက်အသုံးပြုဖို့ heat-sink အကြီးတစ်ခုကိုပါ တစ်ပါတည်း ထည့်သွင်းပေးထားပြီး ဒီ heatsink က socket 2011 CPU အတွက် အထူးထုတ်လုပ်ထားတာဖြစ်ကြောင်း သိရပါတယ်။ ■

Royal Smart

၂၂၇၇၈၀၁၊ ၂၁၈၀၄၁




## 2.4GHz High Power Wireless Outdoor CPE

IEEE 802.11b, g နဲ့တွဲသုံးနိုင်ပြီး အမြန်နှုန်း 54Mbps အထိရပါမယ်။ အိမ်ပြင်၊ ရုံးပြင်မှာ ထားသုံးနိုင်တဲ့အပြင် မိုးကြိုးဒဏ်ကိုပါ ခံနိုင်ပါတယ်။ Wi-Fi ကွန်ရက်ကို 15KM အထိ ချဲ့ထွင်သုံးနိုင်ပြီး အဲဒီ CPE ၂ လုံး သုံးပြီးချိတ်ရင် Point-to-Point ဆက်သွယ်နိုင်ပါတယ်။ တကယ်လို့ Transmitter ဘက်မှာ Omini directional antenna တပ်သုံးခဲ့ရင် အဲဒီဝန်းကျင်ပတ်ချာလည်ကနေ CPE တစ်လုံးသုံးပြီး receiver အနေနဲ့ သုံးနိုင်ပါတယ်။ 10/100 Mbps ကြိုးသုံးကွန်ရက်အတွက် RJ 45 port ပါဝင်ပါမယ်။ Access Point router ၊ AD Client router ၊ AP Client ၊ Bridge ၊ Multi-Bridge ၊ repeater စတဲ့ လုပ်ဆောင်ချက်တွေလည်း ထောက်ပံ့လုပ်ဆောင် ပေးနိုင်ပါတယ်။ ■

တန်ဖိုး – ၄၅,၀၀၀ ကျပ်ဝန်းကျင်

Neo Tech Computer

၃၉၈၁၉၉

၇၁၀၇၅၂၊ ၉၁၀၁၉၅၆၀



## Power Tree UPS မော်ဒယ်အသစ် S650bp

ပြည်တွင်း computer ဈေးကွက်မှာ သုံးစွဲသူအများဆုံးဆုရရှိထားတဲ့ Power Tree brand က UPS model အသစ်တစ်မျိုး ထပ်မံဝင်ရောက်လာကြောင်း သိရှိရပါတယ်။ မော်ဒယ်နံပါတ်မှာ S650BP ဖြစ်ပြီး portable design ပုံစံ ထုတ်လုပ်ထားတာဖြစ်ကြောင်း တွေ့ရပါတယ်။ အရင် model တွေနည်းတူ UPS function နဲ့ computer တစ်လုံး၊ monitor တစ်လုံး တွဲဖက် အသုံးပြုဖို့ power output နှစ်ခု ပါရှိပါတယ်။ Printer တွေ တွဲဖက်အသုံးပြုဖို့ AVR (auto voltage regulator) function နဲ့ power output တစ်ခုပါရှိတာ တွေ့ရပါတယ်။ Overcharged protection စနစ် ပါဝင်တာကြောင့် မီးအားသွင်းထားစဉ် အပူလွန်ကဲမှုမဖြစ်ဘဲ မီးဘေးအန္တရာယ်အတွက် စိတ်ပူစရာမလိုအောင် ထုတ်လုပ်ထားတာ ဖြစ်ပါတယ်။ အာမခံအားဖြင့် ၂ နှစ်ပေးထားပြီး battery အတွက် အာမခံ တစ်နှစ်ပေးထားတယ်လို့ သိရပါတယ်။

တန်ဖိုး – ၃၇,၀၀၀ ကျပ်ဝန်းကျင်

**KMD Sales & Service Centre**

၂၄၅၁၈၀ ၊ ၃၈၄၁၀၉ ၊ ၃၈၅၁၇၇



## Lenovo ရဲ့ A1 Tablet

စင်ကာပူနိုင်ငံက Lenovo Distributor ကိုယ်တိုင် တင်သွင်းပြီး ဈေးနှုန်း ၁၉၉,၀၀၀ ကျပ်သာရှိတဲ့ Lenovo A1 Tablet ကို ပြည်တွင်း ဈေးကွက်မှာ ဝယ်ယူရရှိနိုင်ပြီ ဖြစ်ပါတယ်။ Android 2.3 စနစ်သုံး tablet အမျိုးအစားဖြစ်ပြီး screen အကျယ်ကတော့ ၇ လက်မ ဖြစ်ပါတယ်။ T13622 Processor ကို အသုံးပြုထားပြီး Memory 512 နဲ့ အချက်အလက်တွေ သိမ်းဆည်းဖို့ 16GB Flash Chip ပါဝင်တာ တွေ့ရပါတယ်။ မြန်နှုန်းမြင့် wireless နည်းပညာကို သုံးစွဲဖို့ 802.11 b/g/n နဲ့ bluetooth ပစ္စည်းတွေနဲ့ တွဲဖက် အသုံးပြုနိုင်အောင်လည်း bluetooth 2.1 ကို ထည့်သွင်းပေးထားပါတယ်။ Lenovo tablet တွေနဲ့ အဆင်ပြေပြေ တွဲဖက်သုံးစွဲဖို့ Andriod software တွေကို စနစ်တကျ ရွေးချယ် လွှင့်တင်ပေးထားတဲ့ Lenovo Application Store ကိုလည်း ချိတ်ဆက်နိုင်မှာ ဖြစ်လို့ အဆင်ပြေတဲ့ Android software တွေ တစ်ခုချင်းစီစမ်းသပ်ပြီးမှ လိုက်လံရွေးချယ်ရတဲ့ ဒုက္ခတွေကနေ ကင်းဝေးစေမယ့် Product ဖြစ်ပါတယ်။ အာမခံတစ်နှစ်ပေးထားတယ်လို့ သိရပါတယ်။

တန်ဖိုး – ၁၉၉,၀၀၀ ကျပ်ဝန်းကျင်

**KMD Sales & Service Centre**

၂၄၅၁၈၀ ၊ ၃၈၄၁၀၉ ၊ ၃၈၅၁၇၇



## Prolink ရဲ့ Keyboard PKM-3810

Bluetooth ပါတဲ့ computer ၊ Windows tablet တွေနဲ့ တွဲဖက်အသုံးပြုဖို့ Prolink ရဲ့ keyboard model အသစ် ဖြစ်ပါတယ်။ Bluetooth 3.0 စနစ်ကြောင့်လည်း ၁၀ မီတာအကွာအဝေးအထိ ပတ်ပတ်လည် ယူဆောင်အသုံးပြုနိုင်ပါလိမ့်မယ်။ သွားသွားလာလာမှာ အလွယ်တကူ ယူဆောင်သွားနိုင်အောင် ပေါ့ပါးတဲ့ design နဲ့ ထုတ်လုပ်ထားပြီး သိမ်မွေ့နူးညံ့တဲ့ ခလုတ်လေးတွေက စိတ်ကြိုက်တွေ့စေပါလိမ့်မယ်။ နေ့စဉ်အသုံးများတဲ့ Internet Explorer ၊ calculator ၊ Media Player Control key တွေကို Fn key နဲ့ တွဲဖက်အသုံးပြုနိုင်အောင် ထည့်သွင်းပေးထားတာကြောင့်လည်း အချိန်ကုန်သက်သာစေပါလိမ့်မယ်။ ဖုန်နဲ့အရည်တွေ မဝင်နိုင်အောင် ဆီလီကွန် keyboard protector ပါဝင်ပြီး ညစ်ပေသွားပြီဆိုရင်လည်း အလွယ်တကူ ရေဆေးသန့်စင်နိုင်ပါတယ်။ AAA ဓာတ်ခဲနှစ်လုံးထည့်သွင်း အသုံးပြုရမှာဖြစ်ပြီး power သုံးစွဲမှုနည်းပါးတဲ့ နည်းပညာကြောင့် ဓာတ်ခဲ ခဏခဏလဲစရာမလိုပဲ ရေရှည်အသုံးပြုနိုင်မှာပါ။ Warranty သက်တမ်းကတော့ တစ်နှစ်ဖြစ်တယ်လို့ သိရပါတယ်။

**KMD Sales & Service Centre**

၂၄၅၁၈၀ ၊ ၃၈၄၁၀၉ ၊ ၃၈၅၁၇၇



# Acer Apsire 4752Z

ဈေးနှုန်းချိုသာပြီး designပိုင်းကိုလည်း စိတ်ဝင်စားသူတွေအတွက် Intel Dual Core B960 (2.2GHz) Processor ကို အသုံးပြု ထားတဲ့ Acer Apsire 4752Z ကို မိတ်ဆက်ပေးချင်ပါတယ်။ ဒီ Laptop မှာ memory DDR3 3GB ရှိပြီး high defination ကို ကောင်းမွန်စွာ ထောက်ပံ့နိုင်သလို စွမ်းအင်သုံးစွဲမှုချွေတာပေးတဲ့ processor နဲ့ မြန်နှုန်းမြင့် DDR3 Memory က လိုအပ်ချက်နဲ့ ကိုက်ညီနိုင်ပါလိမ့်မယ်။ Data သိမ်းဆည်းမှုပမာဏအတွက် 640GB HDD ရှိတာကြောင့် လိုအပ်တာထက်တောင် ပိုလို့နေပါသေးတယ်။ DVD-SuperMulti Double Layer ပါဝင်ပြီး 14" Acer Cinecrystal LED ဖြစ်တယ်လို့ သိရပါတယ်။ ကောင်းမွန်တဲ့ ရုပ်ထွက်တွေနဲ့အတူ card reader ၊ bluetooth ၊ Acer Crystal Eye webcam ၊ microphone နဲ့ ဆက်သွယ်ရေးပိုင်းအတွက် Wi-Fi ၊ LAN တို့ အဆင်သင့်ပါရှိပြီးဖြစ်တယ်လို့ သိရပါတယ်။ Battery က 6 cell ပါရှိပြီး အာမခံသက်တမ်း တစ်နှစ်ရှိတယ်လို့ သိရပါတယ်။ ■

ဈေးနှုန်း – ၃၆၆,၀၀၀ ကျပ်ဝန်းကျင်

**Shwe Lamin Nagar CO LTD**

၂၂၁၆၈၃၊ ၂၁၇၂၃၃




# Sine Ware အစစ် ထုတ်ပေးနိုင်တဲ့ Cyber Power UPS

UPS တွေအများစုက pure sineware ထုတ်မပေးနိုင်ကြပါဘူး။ အဆင့်မြင့် UPS တွေ၊ model မြင့်တဲ့ UPS တွေမှပဲ pure sineware ထုတ်ပေးနိုင်ပါတယ်။ အခု cyber power ရဲ့ CP 1500 PFC LED ကတော့ pure sineware ထုတ်ပေးနိုင်ပြီး UPS ရဲ့ အခြေအနေတွေကို LCD display နဲ့ဖော်ပြပေးနိုင်ပါတယ်။ Sineware ထုတ်ပေးနိုင်တဲ့ UPS တွေ မသုံးရင် မဖြစ်တဲ့ ဆေးရုံဆေးခန်းသုံး ပစ္စည်းမျိုးတွေ၊ audio ၊ video ပစ္စည်းမျိုးတွေအတွက် အသုံးဝင်ပါလိမ့်မယ်။ 900 watt လောက်အထိသုံးနိုင်ပြီး Tom's hardware ရဲ့ ၂၀၁၀ ပြည့်နှစ်၊ "Recommended Buy" ရွေးချယ်ခံရတဲ့ UPS ဖြစ်ပါတယ်။ Volt အားချိန် ညှိပေးတဲ့ AVR ၊ iPhone ၊ iPad ၊ iPodတွေကို အားသွင်းဖို့ USB port ၊ RJ 11 နဲ့ RJ 45 သုံးတဲ့ပစ္စည်းတွေနဲ့ power ပိုင်း surge protection တွေ ထည့်ပေးထားပါတယ်။ Battery အတွက် ၂ နှစ်၊ ဝန်ဆောင်မှု ၃နှစ် အာမခံပေးထားပါတယ်။ ■

တန်ဖိုး – ၂၀၈,၀၀၀ ကျပ်ဝန်းကျင်

**Yangon Development CO LTD**

၃၇၆၁၈၀



# Prolink UW3 Netbook

အလုပ်လုပ်ဖို့ computer တစ်လုံး မရှိမဖြစ်လိုအပ်နေတဲ့သူတွေအတွက် KMD နဲ့ Prolink တို့ ပူးပေါင်းပြီး Prolink UW3 netbook ကို ရောင်းချပေးလျက်ရှိကြောင်း သိရပါတယ်။ Intel atom dual core N550 processor ၊ 1GB DDR3 memory ၊ 250 GB HDD တို့ကို အသုံးပြုထားပြီး screen အကျယ်ကတော့ 10.1 ဖြစ်ပါတယ်။ မကြာခဏ ခရီးသွားတတ်တဲ့ စီးပွားရေးသမားတွေ၊ ကျောင်းသား၊ ကျောင်းသူတွေ၊ သွားသွားလာလာ သတင်းယူရတဲ့ ခရီးသွားလာတာပဲဖြစ်ဖြစ်၊ ကျောင်းသွားတက်ဖို့ပဲဖြစ်ဖြစ် အဆင်ပြေပြေယူဆောင်သွားနိုင်ဖို့လည်း Genuine Windows 7 Starter License လည်း ထည့်သွင်းပေးထားတာ တွေ့ရပါတယ်။ အာမခံအား တစ်နှစ်ပေးထားတာမို့ အဆင်ပြေစေမယ့် netbook ဖြစ်ကြောင်း သိရပါတယ်။ ■

ဈေးနှုန်း – ၁၉၉,၀၀၀ ကျပ်ဝန်းကျင်

**KMD Sales & Service Centre**

၂၄၅၁၈၀ ၊ ၃၈၄၁၀၉ ၊ ၃၈၅၁၇၇




# MSI Z68A-G45 (G3) Military Class Motherboard

Intel ရဲ့ Z68 chipset (B3) ကို အခြေခံ ထားတဲ့ PCIe 3.0 ပါဝင်တဲ့ motherboard ဖြစ်ပါတယ်။ PCIe 2.0 နဲ့ ကွာခြားချက်က X16 link မှာ 32 GB/s နှုန်းနဲ့ လုပ်ဆောင်ပေးမှာဖြစ်တာကြောင့် 16 GB/s PCIe 2.0 ထက် ၂ ဆ ပိုမြန်စေမှာ ဖြစ်ပါတယ်။ PCIe 2.0/2.1 graphic card တွေကို အသုံးပြုနိုင်သလို CPU ကို Intel 2nd Generation Core i3/i5/i7 တွေ တပ်ဆင်နိုင်မှာဖြစ်ပါတယ်။ Dual Channel DDR3 1066/1333/1066*/2133* (OC) ထောက်ပံ့ပေးနိုင်မယ့် memory slot ၄ ခုပါဝင်ပြီး 32 GB အထိ အသုံးပြုနိုင်ပါတယ်။ Graphic card စိုက်ဖို့ PCIe GEN3 X16 slot ၂ ခုနဲ့ PCIe X1 ၃ ခု၊ ရိုးရိုး PCI ၂ ခုကိုလည်း တွေ့ရပါတယ်။ Data သိုလှောင်ဖို့ SATA 6Gb/s ၄ ခုနဲ့ SATA 3Gb/s ၂ ခု ထည့်သွင်းပေးထားပါတယ်။ I/O port တွေကတော့ USB 3.0 ၄ ခု၊ USB 2.0 ၁၀ ခု၊ CPU ရဲ့ graphic နဲ့ အသုံးပြုဖို့ HDMI ၊ DVI နဲ့ VGA port တွေ ပါဝင်တဲ့ အပြင် S/PDIF စနစ်နဲ့ 7.1 Channel Audio စနစ်ထောက်ပံ့မယ့် audio port ၆ ခု ပါဝင်ပါတယ်။ အသံစနစ်ကိုတော့ တည်ငြိမ်ပြီး အသံထွက် ကြည်လင်တဲ့ THX (Tru Studio Pro) စနစ်ကို အသုံးပြုထားတာကြောင့် HD movie ၊ သီချင်းနဲ့ game တွေရဲ့ အသံထွက်ကို အကောင်းဆုံး ထောက်ပံ့ပေးနိုင်ပါလိမ့်မယ်။ နည်းပညာထောက်ပံ့ချက်အနေနဲ့ virtu switchable graphic စနစ်၊ Nvidia နဲ့ multi-GPU နည်းပညာ (SLI) ၊ AMD ရဲ့ multi-GPU နည်းပညာ (Cross Fire) တို့အပြင် MSI ရဲ့ M-Flash BIOS recovery စနစ်၊ Dual BIOS စနစ်၊ super charger ၊ (Kill energy hungry) APS စနစ်နဲ့ တစ်စက္ကန့်အတွင်း system စွမ်းဆောင်ရည်ကို အမြင့်ဆုံးမြှင့်တင်ပေးမယ့် (1 sec overclocking) OC Genie II စတဲ့ နည်းပညာတွေ ထောက်ပံ့ပေးထားပါတယ်။ Motherboard ကို အရည်အသွေးမြင့် military class standard လက်မှတ် (MIL-STD-810G) နဲ့အညီ ထုတ်လုပ်ထားတာကြောင့် အရည်အသွေးသာမက စွမ်းဆောင်ရည်ပါ ယုံကြည်စိတ်ချနိုင်စေမှာဖြစ်ကြောင်း သိရပါတယ်။ ■

Royal Smart

၂၂၇၇၈၁၊ ၂၁၈၀၄၁



# ခပ်ကြမ်းကြမ်းအသုံးပြုဖို့ Transcend 25H3 USB3.0 External HDD

သာမန် case တွေနဲ့ပြုလုပ်ထားတဲ့ external HDD တွေဟာ အမြင့်ကနေ မတော်တဆ ပြုတ်ကျခဲ့ရင်တောင် data တွေ အလွယ်တကူ ဆုံးရှုံးနိုင်ပါတယ်။ Transcend ရဲ့ 25h3 external hard disk ကတော့ ခရီးသွားရင်း ကြမ်းကြမ်းတမ်းတမ်းသုံးတာပဲ ဖြစ်ဖြစ်၊ အမြင့်က မတော်တဆပြုတ်ကျခဲ့ရင်ပဲဖြစ်ဖြစ် data တွေ lost မဖြစ်အောင် အကြမ်းခံတဲ့ Anti-Shock silicon cover နဲ့ အထူးစီမံထုတ်လုပ်ထားတာ တွေ့ရပါတယ်။ ဖုန်ဒဏ်ရေဒဏ်တွေကနေ ကာကွယ်နိုင်တဲ့ သားရေစွပ်ပုံစံနဲ့ design ဖော် ထုတ်လုပ်ထားပြီး US Military Drop test စံချိန်အတိုင်း စမ်းသပ်ထုတ်လုပ်ထားတယ်လို့ သိရပါတယ်။ ခလုတ်တစ်ချက်နှိပ်ရုံနဲ့ သတ်မှတ်ထားတဲ့ အချက်အလက်တွေကို အလိုအလျောက် backup ပြုလုပ်နိုင်ပါလိမ့်မယ်။ အချက်အလက် သိမ်းဆည်းနိုင်တဲ့ပမာဏကတော့ 500GB ဖြစ်တာကြောင့် စိတ်တိုင်းကျစေမယ့် external HDD ဖြစ်တယ်လို့ သိရပါတယ်။ ■

ဈေးနှုန်း – ၆၀,၀၀၀ ကျပ်ဝန်းကျင်

KMD Sales & Service Centre

၂၄၅၁၈၀ ၊ ၃၈၄၁၀၉ ၊ ၃၈၅၁၇၇



# Mac MiNi

Mac series ထဲက Mac mini series computer လေးပါ။ Intel ရဲ့ ဒုတိယမျိုးဆက် core i5 (2.36Hz) CPU သုံးထားပြီး memory က DOR 32GB ၊ Hard Disk Drive 500GB ၊ Integrated Graphic ( CPU ထဲကပါတဲ့ intel ရဲ့ HD 3000 ) သုံးထားပါတယ်။ ပိစိကွေး computer လေး ဆို ပေမယ့် FireWire port ၊ EEE 1394b (800) အပြင် Thunderbolt port ပါပါတယ်။ အဲဒီ port ဟာ Gigabit LAN တွေထက် ဆယ်ဆ 10Gbqps အမြန်နှုန်းရှိပါတယ်။ USB 2.0 ထက် အဆ ၂၀၊ FireWire 800 ထက် ဆယ်ဆ ပိုမြန်ပါမယ်။ Port တစ်ခုမှာ daisy-chain ဆက်သွယ်ခဲ့ရင် Thunderbolt device ၆ ခုအထိ ချိတ်နိုင်ပါမယ်။

အလူမီနီယံနဲ့လုပ်ထားတဲ့ အိမ်ခွံ၊ SDXC ကတ်ဖတ်နိုင်တဲ့ slot ၊ HDMI ကနေ DVI ပြောင်းပေးနိုင်တဲ့ adapter နဲ့ port တွေ ပါပါမယ်။ Mac OSX(Lion) pre install လုပ်ပြီးသား ထည့်ပေးထားပါတယ်။ ■

တန်ဖိုး – ဒေါ်လာ ၆၅၀ ဝန်းကျင်

ICE Computer

၂၁၆၄၀၄ ၊ ၂၁၅၃၅၃



# Epson ရဲ့ Ink Tank သုံး printer : L100 ၊ L800

Epson က L100 ၊ L200 ၊ L 800 printer ၃မျိုးက Ink Tank တွေ တွဲသုံးနိုင်တဲ့ printer ၃ မျိုးဖြစ်ပါတယ်။ L 200 3in1 printer အကြောင်း စက်တင်ဘာလက ရေးခဲ့ပြီးပါ ပြီ။ အခု printer ၂ မျိုးက L100 နဲ့ L 800 ပါ။ အဲဒီ printer ၂ မျိုးစလုံး printer သီးသန့်ဖြစ်ပြီး scan နဲ့ copy သုံးလို့မရပါဘူး။ L 100 က မင်အရောင် ၄ ရောင်၊ L 800 က မင် ၆ ရောင် သုံးထားပါမယ်။ L 800 က photo တွေအတွက် ပိုသင့်တော်ပြီး CMYK ၄ ရောင်အပြင် LM နဲ့ LC ၂ မျိုး ထပ်တိုးထားတာပါ။ Ink Tank တွေကို တွဲသုံးနေတာကြာပါပြီ။ ဒါပေမဲ့ မူရင်းကုမ္ပဏီက နေ Ink Tank တွေနဲ့ တွဲသုံးဖို့ထုတ်ထားတာ အဲဒီစီးရီးတွေက ပထမဦးဆုံးပါပဲ။ မူရင်း printer ၊ မူရင်း Ink Thank နဲ့ မူရင်း မင်တွေသုံးလို့ရတဲ့ အတွက် အရည်အသွေး ပုံမှန်ထိန်းချုပ် print ထုတ်နိုင်ပါမယ်။ အရည်ဘူးလေးတွေကလည်း ဈေးသိပ်မများ လှပဲ 70ml တစ်ရောင်အတွက် L100 နဲ့ L200 ဆိုရင် USD ၇ ဒေါ်လာ၊ L800 အတွက် ၁၂ ဒေါ်လာပေးရပါမယ်။ အခု လော လောဆယ် L100 နဲ့ L200 ဝယ်သူတွေအတွက် အရောင်းမြှင့်တင်တဲ့အနေနဲ့ အနက်ရောင်နှစ်ဘူး အပိုလက်ဆောင်ပေးတယ်လို့ သိရပါတယ်။ ■

တန်ဖိုး –

L 100- 160 USD ဝန်းကျင်

-(အပို အနက်ရောင်မင်နှစ်ဘူး)

L 200- 195 USD ဝန်းကျင်

-(အပို အနက်ရောင်မင်နှစ်ဘူး)

L 800- 305 USD ဝန်းကျင်

Client Focus Technology Group CO LTD

၅၂၃၅၃၂ ၊ ၀၉၇၃၀၄၂၈၁၁



## Creative Inspire T6160 5.1 Speaker

Game တွေ၊ ဂီတသံစဉ်တွေ၊ ရုပ်ရှင်တွေအတွက် သဘာဝယုတ္တိရှိတဲ့ ပတ်လည်သံကြား ( surround sound) တွေ နားဆင်လိုသူတွေအတွက် creative ရဲ့ 5.1 speaker ပါ။ Creative Image Focusing Plate (IFP) design နဲ့လုပ်ထားပြီး subwooter တွေကလည်း အားကောင်းတဲ့ အမျိုးအစားသုံးထားပါတယ်။ Mangetically-shielded speaker တွေဖြစ်တဲ့အတွက် notebook နားမှာပဲ ဖြစ်ဖြစ်၊ LCD/ CRT monitor တွေ နားမှာဖြစ်ဖြစ် သုံးနိုင်ပါတယ်။ နယ်စပ်က ဝင်တဲ့ speaker တွေထက် ဈေးကြီးနေမှာဖြစ်ပေမယ့် အရည်အသွေးကလည်း အများကြီးပိုကောင်းနေပါလိမ့်မယ်။ အာမခံသက်တမ်းကာလ တစ်နှစ် ဖြစ်ပါတယ်။ 5.1 speaker တွေမသုံးချင်ဘူး၊ ဈေးသက်သာပြီး အရည်အသွေးမြင့်တဲ့ speaker မျိုး လိုချင်ရင် Creative- A 320 2.1 Speaker ရှိပါတယ်။ အဲဒီ speaker ကလည်း တစ်နှစ် အာမခံပေး ထားပါတယ်။

တန်ဖိုး – ၈၄,၀၀၀ ကျပ်ဝန်းကျင် (T6160 5.1)
၄၁,၀၀၀ ကျပ်ဝန်းကျင် (A320 2.1)

Citicom

၃၈၂၉၇၇ ၊ ၃၇၄၅၄၄ ၊ ၂၄၆၀၂၀



## Macbook Air

Macbook Air ကို screen အရွယ်အစား ၁၁.၆ လက်မနဲ့ ၁၃.၆ လက်မ နှစ်စားထုတ်ထားပါတယ်။ အဲဒီ Macbook Air Screen အရွယ်အစား ၁၁ လက်မက core i5 (1.6 GHz) CPU သုံးထားပြီး graphic က intel HD3000 သုံးထားပါတယ်။ Bluetooth 4.0 EDR wireless Interface ၊Airport Extreme (802.11n) ၊ Thunderbolt port ၊ high-speed USB ၊ Web cam Microphone တွေပါပါမယ်။ Mac OS X Lion pre installed လုပ်ထားပေးပါတယ်။ Storage device အနေနဲ့ 64GB SSD ၊ ဒါမှ မဟုတ် 128 GB SSD သုံးထားပါလိမ့် မယ်။ RAM ကလည်း 2GB ၊ ဒါမှမဟုတ် 4GB သုံးထားပါမယ်။ ဈေးနှုန်းလည်း ကွာပါလိမ့်မယ်။ ၁၃.၃ လက်မ model တွေမှာ i5 (1.7) GHz ၊ RAM 4GB တပ်ထားမှာ ဖြစ်ပြီး SSD 128GB နဲ့ 8SD 256GB နှစ်စား ရှိပါမယ်။ အဲဒီ Model ၄ မျိုးစလုံး သူတို့ရဲ့ LCD တွေမှာ backbit LED တွေ ထည့်ထားပါတယ်။

Macbook Air

MC -968-USD 1100 ဝန်းကျင်
(RAM 2GB/G4GBSSD)

MC -969-USD 1340 ဝန်းကျင်
(RAM 4GB/128 GBSSD)

MC -965-USD 1420 ဝန်းကျင်
(RAM 4GB/ 128 GBSSD)

MC -966-USD 1750 ဝန်းကျင်
(RAM 4GB/256 GBSSD)

ICE Computer

၂၁၆၄၈၄ ၊ ၂၁၅၃၅၃



## Cyber Power ရဲ့ Power Inverter

အိမ်မှာပဲ သုံးသုံး၊ ရုံးမှာပဲ သုံးသုံး UPS တွေထက် အချိန်ကြာကြာသုံးနိုင်မယ့် inverter ဖြစ်ပါတယ်။ ဗို့အား 1000 VA / 600 W လျှပ်စစ်ဓာတ်အားပြတ်တောက်သွားခဲ့ ရင် မီလီစက္ကန့် ၂၀ အတွင်း ပြန်ချိတ်ပေးနိုင်ပါမယ်။ Over load မဖြစ်အောင် ကာကွယ်ပေးထားပြီး battery အားနည်းသွားရင်၊ overload ဖြစ်ခဲ့ရင် အသံနဲ့ အချက်ပေး ဖို့လုပ်ထားပါတယ်။ Simulated Sinecrave ထုတ်ပေးနိုင်ပြီး ဗို့အားအဝင် ပုံမှန်အတက်အကျအတွက် 190 VAC ကနေ 260 VAC အတွင်း ချိန်ညှိပေးနိုင်ပါတယ်။ တကယ်လို့ မီးအားအရမ်းကျနေတဲ့ နေရာမျိုးတွေအတွက် 100 VAC ကနေ 280 VAC အတွင်း ချိန်ညှိပေးနိုင်တဲ့ ခလုပ်လေး ပါပါတယ်။ ကားbattery တစ်လုံးတွဲသုံးဖို့လိုပြီး သုံးထားတဲ့ battery ရဲ့ AMP အနည်းအများပေါ်လိုက်ပြီး inverter သုံးနိုင်တဲ့အချိန်တွေ ကွာခြားမှုရှိ နေပါမယ်။ Chargen လုပ်တာ၊ restart ပြန်လုပ်တာတွေကို auto ပြန်လုပ်ပေးနိုင်ပါတယ်။ တစ်ခုခုပေါ် တင်သုံးထားခဲ့ရင် ဖြစ်ဖြစ်၊ နံရံမှာဖြစ်ဖြစ် ချိတ်ထားပြီး သုံးနိုင်ပါတယ်။

တန်ဖိုး – ၉၈,၀၀၀ ကျပ်ဝန်းကျင်

Yangon Development CO LTD

၃၇၆၁၈၀



## D-Link 7dBi Indoor Antena

D-Link router တွေမှာ တွဲပါလာတဲ့ intarner တိုင်လေးတွေက များသောအားဖြင့် 2dBi လောက်ပဲ သုံးထားလေ့ရှိပါတယ်။ လိုင်းဆွဲအားပိုကောင်းအောင်အစား ထိုးတပ်ဆင်နိုင်မယ့် အခု intanner ကတော့ 7dBi intanner ဖြစ်ပါတယ်။ Outdoor သုံးလို့မရပဲ indoor ပဲသုံးနိုင်ပါမယ်။ Omni-Directional intenna ဖြစ်ပြီး 2.4 GHz ကြိုးမဲ့ဆက်သွယ်ရေးနဲ့ တွဲသုံးနိုင်ပါမယ်။ Extension ကြိုး ၁.၅ မီတာ တွဲထည့်ပေးထားပါတယ်။ ကြိုးမဲ့ဆက်သွယ်မှုအတွက် 802.11b/802.11g (2.4 GHz) ကွန်ရက်တွေ သုံးထားတဲ့ router တွေမှာ တပ်သုံးနိုင်ပါမယ်။ ဘယ်မော်ဒယ်တွေမှာ တပ်ဆင် သုံးလို့ရ မရ အရင်မေးမြန်းစုံစမ်းဖို့လိုပါမယ်။ ■

တန်ဖိုး – ၃၀,၀၀၀ ကျပ်ဝန်းကျင်

ANT24-07000

**Unique Computer Center**

၃၉၈၄၃၆ ၊ ၃၉၁၇၈၉ ၊ ၃၉၁၇၃၀




## Sony battery နဲ့ charger (BCG-34HS2KN)

Electronic ပစ္စည်းတွေသုံးလာတော့ အဲဒီ ပစ္စည်းတွေအတွက် ဓာတ်ခဲလိုလာပါမယ်။ Sony က ထုတ်လုပ်ထားတဲ့ Compact Charger က AA ဓာတ်ခဲနှစ်လုံးပါတဲ့ ထည့်ပေးထားပါတယ်။ AAA အားပြန်သွင်းတဲ့ ဓာတ်ခဲမတွေ့မိပါဘူး။ AA အားပြန်သွင်းတဲ့ ဓာတ်ခဲကိုတော့ သီးခြားဝယ်လို့ရပါတယ်။ အဲဒီ AA အားပြန် သွင်းနိုင်တဲ့ ဓာတ်ခဲက ရောင်းဈေး ၇၀၀၀ ကျပ်ရှိပါတယ်။ အရင်စီးရီးထက်ပိုပြီး သက်တမ်းကြာကြာခံအောင်သုံးနိုင်မယ့် Cyber Enery စီးရီးဖြစ်ပြီး ALKaline battery တွေထက် ၃ ဆလောက် သက်တမ်းကြာကြာခံပါမယ်။ ■

Charger + AA ဓာတ်ခဲနှစ်လုံးပါပြီး

တန်ဖိုး – ၁၂၅,၀၀၀ ကျပ်ဝန်းကျင်

AA ဓာတ်ခဲနှစ်လုံးတွဲ

တန်ဖိုး – ၇,၀၀၀ကျပ်

ဝေယံအီလက်ထရောနစ်

၂၅၀၅၉၆ ၊ ၂၅၀၅၆၇



## Logitech wireless Combo MK 260

ကြိုးမဲ့ mouse နဲ့ keyboard တွဲထားတာပါ။ 2.4 GHz ကြိုးမဲ့ဆက်သွယ်မှုကို သုံးထားပါတယ်။ Battery က လတော်တော်ကြာ အသုံးခံပြီး hot key တစ်ခုထည့်ပေးထားပါတယ်။ ဓာတ်ခဲပါပြီး ဖြစ်ပါတယ်။ Keyboard နဲ့ receiver ကြားထဲ မှာ 128 bit encryption သုံးဆက်သွယ်ထားတဲ့အတွက် တခြားသူတွေ ကြားဖြတ်ခိုးယူတာမျိုး မလုပ်နိုင်အောင် ကာကွယ်ပေးထားပါတယ်။ ရေအရည်တွေ ဖိတ်ကျတာ ခံနိုင်အောင် design လုပ်ထားပါတယ်။ Mouse က 1000 dpi optical ကြိုးမဲ့ mouses သုံးထားပါတယ်။ အာမခံ သက်တမ်းကာလ တစ်နှစ်ဖြစ်ပါတယ်။ ■

တန်ဖိုး – ၂၄,၈၀၀ ကျပ်ဝန်းကျင်

**Citicom**

၃၈၂၆၇၇ ၊ ၃၇၄၅၄၄ ၊ ၂၄၆၀၂၀